# အွန်လိုင်းမှာယူမှုဆိုင်ရာ အမေးများသော မေးခွန်းများ

**မေး-** WIC အွန်လိုင်းဈေးဝယ်ခြင်းကို မည်သည့်စားသောက်ကုန်စတိုးဆိုင်များတွင် ရရှိနိုင်ပါသလဲ။

**ဖြေ-** လတ်တလောတွင် ဝါရှင်တန်ပြည်နယ် Walmart စတိုးဆိုင်များတွင်သာ WIC အွန်လိုင်းဈေးဝယ်ခြင်း ဝန်ဆောင်မှုများကို ရရှိနိုင်ပါသည်။

**မေး-** ထိုအထဲတွင် Walmart Neighborhood Market နှင့် Walmart Supercenter များ ပါဝင်ပါသလား။

**ဖြေ-** ဝါရှင်တန်ပြည်နယ်ရှိ Walmart တည်နေရာအားလုံးကို WIC အသိအမှတ်ပြုထားပါသည်။

**မေး-** ထိုအထဲတွင် အခြားပြည်နယ် သို့မဟုတ် နယ်စပ်မြို့များမှ Walmart စတိုးဆိုင်များ ပါဝင်ပါသလား။

**ဖြေ-** နယ်စပ်မြို့တွင် အသိအမှတ်ပြုထားသည့် Walmart စတိုးဆိုင်တစ်ဆိုင်ရှိပြီး ၎င်းသည် ဝါရှင်တန်ပြည်နယ်တွင်မရှိပါ (Warrenton, OR)။

**မေး-** WIC မိသားစုများသည် အွန်လိုင်းဈေးဝယ်ခြင်းအတွက် Walmart ပရိုဖိုင်ရှိဖို့ လိုအပ်ပါသလား။

**ဖြေ-** လိုအပ်ပါသည်၊ အွန်လိုင်းဈေးဝယ်ခြင်းအတွက် ပထမဆုံးအဆင့်မှာ ဈေးဝယ်ပရိုဖိုင်တစ်ခုကို ဖန်တီးရန်ဖြစ်ပါသည်။ ပရိုဖိုင်တစ်ခုကို သတ်မှတ်ပြင်ဆင်ရာတွင် မည်သည့်ကုန်ကျစရိတ်မှုမရှိပါ။

**မေး-** Walmart အက်ပ်ကို ဘယ်လိုဒေါင်းလုဒ်လုပ်ရမလဲ။

**ဖြေ-** အောက်ပါလင့်ခ်များထဲမှ တစ်ခုကို အသုံးပြု၍ Walmart အက်ပ်ကို ဒေါင်းလုဒ်လုပ်ပါ။

- Apple Store: App Store ပေါ် ရှိ Walmart အက်ပ်များ (အင်္ဂလိပ်ဘာသာဖြင့်- ထပ်ဆောင်းဘာသာစကားအချို့လည်း ရရှိနိုင်ပါသည်)
- Google Play: Walmart ဈေးဝယ်ယူမှုနှင့် ချေတာမှုများ - Google Play ပေါ် ရှိ အက်ပ်များ (အင်္ဂလိပ်ဘာသာဖြင့်)

**မေး-** Walmart ရှိ မည်သည့်အစားအစာများမှာ WIC သတ်မှတ်ချက်ပြည့်မီကြောင်း ကျွန်ုပ် မည်သို့သိနိုင်မည်နည်း။

**ဖြေ-** Walmart.com တွင် (အင်္ဂလိပ်ဘာသာဖြင့်) သို့မဟုတ် သင်၏ Walmart အက်ပ်ဖြင့်သင့် WIC အစားအစာများကို ရှာဖွေရန်အတွက် ရှာဖွေသည့်ဘားတန်းကို အသုံးပြုနိုင်ပါသည်။ ဥပမာ သင်သည် WIC အသိအမှတ်ပြုထားသော နွားနို့ကို ရှာဖွေနေပါက ရှာဖွေသည့်ဘားတန်းတွင် "WIC Milk" ("WIC နွားနို့") ဟူ၍ စာရိုက်ထည့်နိုင်ပါသည်။ WIC သတ်မှတ်ချက်ပြည့်မီသော အစားအစာများတွင် **"WIC Eligible"** (**"WIC သတ်မှတ်ချက်ပြည့်မီသော"**) ဟူ၍ ပြသပါမည်။ **Shop your WIC benefits** (**သင်၏ WIC အကျိုးခံစားခွင့်များဖြင့် ဈေးဝယ်ပါ**) ကို အသုံးပြုခြင်းဖြင့်လည်း WIC အသိအမှတ်ပြုထားသော အစားအသောက်များကိုသာ ဝယ်ယူနိုင်ပြီး ၎င်းတွင် သင့် WIC အစားအစာများ၏ လက်ရှိစာရင်းတစ်ခုပါရှိသည်။

**မေး-** ကျွန်ုပ်၏ WIC ကဒ်ကို အစားထိုးလဲလှယ်လိုက်ပါက အွန်လိုင်းတွင် ဈေးဝယ်၍ရဦးမည်လား။

**ဖြေ-** ရပါသည်၊ သင့် Walmart ပရိုဖိုင်မှ WIC ကဒ်အဟောင်းကို ဖျက်ပြီးနောက် သင့်ကဒ်နံပါတ်သစ်ကို ထည့်သွင်းပါ။

**မေး-** Walmart တွင် အွန်လိုင်းဈေးဝယ်သည့်အခါ ကျွန်ုပ်၏ WIC ကဒ်ဖြင့် ဘယ်လိုငွေပေးချေရမလဲ။

**ဖြေ-** သင့် Walmart အကောင့်သို့ လော့ဂ်အင်ဝင်ပါ (အွန်လိုင်းဖြင့် Walmart.com တွင် (အင်္ဂလိပ်ဘာသာဖြင့်) သို့မဟုတ် Walmart အက်ပ်တွင်) "**Add new payment method** (**ငွေပေးချေမှုနည်းလမ်းအသစ် ထည့်သွင်းပါ**)" သို့မဟုတ် "**Add payment card**

# အွန်လိုင်းမှာယူမှုဆိုင်ရာ အမေးများသော မေးခွန်းများ

(**ငွေပေးချေသည့်ကဒ် ထည့်သွင်းပါ**)" ကို နှိပ်ပါ။ သင်၏ WIC ကဒ်နံပါတ်နှင့် WIC PIN နံပါတ်ကို ထည့်ပါ။ သင် ထွက်ခွာသည့်အခါ ဝက်ဘ်ဆိုက်က သင့် WIC PIN ကို ထည့်ရန် သင့်အား ထပ်မံတောင်းဆိုပါမည်။

**မေး-** ဝယ်ယူမှုတစ်ခုတည်းတွင် WIC အစားအစာများနှင့် WIC မဟုတ်သောအစားအစာများကို တစ်ပြိုင်တည်း ဝယ်ယူ၍ရနိုင်ပါသလား။

**ဖြေ-** ရပါသည်၊ သင့် WIC ကို သင် ရွေးလိုက်သည့် WIC အစားအစာများအတွက် အသုံးပြုနိုင်ပြီး ထို့နောက်တွင် သင်၏ WIC မဟုတ်သောအစားအစာများ သို့မဟုတ် အခြားကုန်ပစ္စည်းများအတွက် အခြား ငွေပေးချေမှုနည်းလမ်းတစ်ခုကို အသုံးပြုနိုင်ပါသည်။

**မေး-** WIC ကုန်ပစ္စည်းများကို ဝယ်ယူသည့်အခါ ပို့ခ/သယ်ဆောင်ခ ပေးဖို့လိုသလား။

**ဖြေ-** ဟုတ်ပါသည်၊ သင်က အိမ်အရောက်ပို့ဆောင်မှုနည်းလမ်းကို ရွေးထားပါက ပို့ခပေးရပါမည်။ WIC က ပို့ခ/သယ်ဆောင်ခကို ကျခံပေးမည်မဟုတ်ပါ။ သင်သည် Wal-Mart + အဖွဲ့ဝင်ဖြစ်ပါက ပို့ခ/သယ်ဆောင်ခ အခမဲ့ဖြစ်ပါသည်။ စားသောက်ကုန်ပို့ခြင်းအတွက် မည်သည့်အဖိုးအခမျှ ပေးရန်မလိုပါ။ ဝါရှင်တန်ပြည်နယ်ထဲရှိ လိပ်စာအားလုံးမှာ အိမ်အရောက်မှာယူခြင်းအတွက် သတ်မှတ်ချက်ပြည့်မီကြသည်တော့ မဟုတ်ပါ။

**မေး-** ကျွန်ုပ်၏ PIN ကို မှားယွင်းစွာ ထည့်သွင်းမိပြီး ဝက်ဘ်ဆိုက်က ကျွန်ုပ်အား Walmart.com သို့ မဝင်ရောက်နိုင်အောင် ပိတ်ဆို့ထားဘာက ဘာဆက်ဖြစ်မလဲ။

**ဖြေ-** PIN ထည့်သွင်းမှုလေးကြိမ် မှားယွင်းပြီးနောက်တွင် Walmart.com က ထိုညၡ၏ သန်းခေါင်ယံအချိန်အထိ အကောင့်ကို ပိတ်ထားပါမည်။ PIN ကို ပြန်လည်သတ်မှတ်လိုပါက သင့် WIC ကဒ်၏ ကျောဘက်ရှိ ဖုန်းနံပါတ်ကို ခေါ်ဆိုပါ။

**မေး-** ကျွန်ုပ်၏ မှာယူမှုကို တင်လိုက်သည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်၏ အကျိုးခံစားခွင့်များစာရင်းကို အပ်ဒိတ်လုပ်မှာလား။

**ဖြေ-** ဟုတ်ပါသည်၊ သင့်မှာယူမှုကို တင်လိုက်သည်နှင့်တစ်ပြိုင်နက် သင်၏လက်ကျန်အကျိုးခံစားခွင့်ကို အပ်ဒိတ်လုပ်သွားပါမည်။

**မေး-** WIC မိသားစုများသည် WIC အသိအမှတ်ပြု အစားအစာများကို လဲလှယ်/အစားထိုးနိုင်ပါသလား။

**ဖြေ-** ဟုတ်ပါသည်၊ WIC မိသားစုများသည် တူညီသော WIC အသိအမှတ်ပြု ကုန်ပစ္စည်းတစ်ခုအတွက် လဲလှယ်ရန် "Start a Return (ပြန်လည်ပေးပို့ရန်)" ပြုလုပ်နိုင်ပါသည်။  ၎င်းတို့ကို မည်သည့် Walmart တွင်မဆို ဖောက်သည်ဝန်ဆောင်မှုကောင်တာသို့ သွားရောက်၍ အလဲအလှယ်ပြုလုပ်နိုင်ပါသည်။ သင့်အကျိုးခံစားခွင့်ကာလ၏ နောက်ဆုံးနေ့နှင့် နီးကပ်နေသော ကုန်ပစ္စည်းများကို လဲလှယ်ခြင်းသည် စီမံဆောင်ရွက်ရန်အတွက် အချိန်မလုံလောက်နိုင်ပါ။

**မေး-** ကုန်ပစ္စည်းများကို စိတ်တိုင်းကျမရရှိနိုင်သည့်အခါ WIC မိသားစုများသည် ပြန်အမ်းငွေရရှိနိုင်ပါသလား။

**ဖြေ-** ဟုတ်ပါသည်၊ WIC မိသားစုများသည် အွန်လိုင်းတွင် ဈေးဝယ်နေစဉ် အခြားကုန်ပစ္စည်းများကို ရွေးချယ်နိုင်ပါသည်။ ကုန်ပစ္စည်းတစ်ခုကို မရရှိနိုင်ပြီးလျှင် အခြားကုန်ပစ္စည်းတစ်ခုခုကိုလည်း မရွေးချယ်ထားပါက အခြားသောကာလ၌ ဝယ်ယူရန်အတွက် မရရှိနိုင်သော ကုန်ပစ္စည်းများကို မိသားစုများ၏ အကျိုးခံစားခွင့်အကောင့်ထံ ပြန်ပို့ပေးမည်ဖြစ်သည်။

**မေး-** အိတ်ခွံခအတွက် ကျွန်ုပ်အား ငွေကောက်ခံမှာလား။

**ဖြေ-** မဟုတ်ပါ၊ သင့် WIC ကဒ်ကို အသုံးပြု၍ အွန်လိုင်းတွင် မှာယူမှုပြုလုပ်သည့်အခါ အိတ်ခွံခကို သင့်အား ကောက်ခံမည်မဟုတ်ပါ။

# အွန်လိုင်းမှာယူမှုဆိုင်ရာ အမေးများသော မေးခွန်းများ

**မေး-** မည်သည့် Walmart စတိုးဆိုင်များက ယာဉ်ဖြင့်ကိုယ်တိုင်လာယူခြင်း ကို ခွင့်ပြုပါသလဲ။

**ဖြေ-** ဝါရှင်တန်ပြည်နယ်ထဲရှိ Walmart စတိုးဆိုင်အားလုံးကို WIC က အသိအမှတ်ပြုထားပြီး ယာဉ်ဖြင့်ကိုယ်တိုင်လာယူခြင်းကို ခွင့်ပြုပေးထားပါသည်။

**မေး-** အွန်လိုင်းမှာယူမှုအတွက် အနည်းဆုံးမှာယူမှုပမာဏ ရှိပါသလား။

**ဖြေ-** မရှိပါ၊ အနည်းဆုံးမှာယူမှုပမာဏ မရှိပါ။

**မေး-** အခမဲ့သယ်ဆောင်ခအတွက် အနည်းဆုံးမှာယူမှုပမာဏ ရှိပါသလား။

**ဖြေ-** မရှိပါ၊ သယ်ဆောင်ခ ပေးရနိုင်ပါသည်။ WIC ပါဝင်သူများသည် စျေးလျှော့ထားသော Walmart+ စာရင်းသွင်းမှု အတွက် သတ်မှတ်ချက်ပြည့်မီကာ ထိုအထဲတွင် အနည်းဆုံးမှာယူမှုပမာဏမရှိသည့် အခမဲ့သယ်ဆောင်ခ ပါဝင်ပါသည်။

**မေး-** ယာဉ်ဖြင့်ကိုယ်တိုင်လာယူခြင်းသို့မဟုတ် အိမ်အရောက်မှာယူခြင်းအတွက် အွန်လိုင်းမှာယူမှုကို တင်နိုင်သည့် နောက်ဆုံးနေ့က ဘယ်နေ့လဲ။

**ဖြေ-** သင့်အကျိုးခံစားခွင့်ကာလအတွင်း သင့်မှာယူမှုကို ရယူရပါမည်။  သင့်နောက်ဆုံးအကျိုးခံစားခွင့်နေ့ရက်မတိုင်မီ စျေးဝယ်ရန် ကျွန်ုပ်တို့ အကြံပြုပါသည်။

**မေး-** ထုတ်ကုန်တစ်ခုသည် ပစ္စည်းပြတ်နေပါက Walmart အနေဖြင့် WIC အစားအစာအတွက် အစားထိုးပေးအပ်နိုင်ပါသလား။

**ဖြေ-** ဟုတ်ပါသည်၊ သို့သော် ပင်မမှာယူမှုအတွင်း ကုန်ပစ္စည်းတစ်ခုစီအတွက် သင် ပို၍နှစ်သက်သည့် အစားထိုးပစ္စည်းတစ်ခုကို ရွေးထားရန် လိုအပ်ပါမည်။ ထွက်ခွာသည့်နေရာတွင် သင့်မှာယူမှုကို စိစစ်သည့်အခါ အစားထိုးပစ္စည်းတစ်ခုကို ရွေးရန် သင့်အား ကမ်းလှမ်းပါမည်။

**မေး-** ကျွန်ုပ်၏ WIC အွန်လိုင်းမှာယူမှုတွင် ပြဿနာဖြစ်ပေါ်သည့်အခါ ဘယ်သူ့ကို ဆက်သွယ်ရမလဲ။

**ဖြေ-** 1(800)-925-6278 ကို ဆက်သွယ်နိုင်သည် သို့မဟုတ် Help - Walmart.com (အင်္ဂလိပ်ဘာသာဖြင့်) ထံ သွားရောက်ပါ။

**မေး-** ကျွန်ုပ်၏ မိသားစုထဲတွင် WIC ကဒ် အများအပြားရှိပါက ကဒ်တစ်ခုထက်ပို၍ အသုံးပြုနိုင်ပါသလား။

**ဖြေ-** မရပါ၊ WIC ကဒ်များသည် ကဒ်အမျိုးအစား တူညီကြသောကြောင့် အွန်လိုင်းမှာယူမှုတစ်ခုထဲတွင် ကဒ်တစ်ခုထက်ပို၍ အသုံးမပြုနိုင်ပါ။  Supplemental Nutrition Assistance Program (SNAP, ဖြည့်စွက်အာဟာရ ထောက်ပံ့ကူညီရေး ပရိုဂရမ်) Electronic Benefits Transfer ( EBT, အီလက်ထရောနစ် အကျိုးခံစားခွင့်များဆိုင်ရာ လွှဲပြောင်းမှု)၊ ဒက်ဘစ်ကဒ်၊ အကြွေးဝယ်ကဒ်စသဖြင့် အခြားငွေပေးချေမှုပုံစံတစ်ခုကို အသုံးပြုနိုင်ပါသည်။ သင်သည် မတူညီသော WIC ကဒ်တစ်ခုစီအတွက် အွန်လိုင်းမှာယူမှုများကို သီးခြားတင်ရန် လိုအပ်ပါမည်။

DOH **961-1319** February 2025 Burmese
ဤအဖွဲ့အစည်းသည် အခွင့်အရေး သာတူညီမျှပေးသော အဖွဲ့အစည်း ဖြစ်ပါသည်။
ဝါရှင်တန် WIC သည် ခွဲခြားဆက်ဆံခြင်း မရှိပါ။

ဤစာရွက်စာတမ်းကို အခြားပုံစံတစ်ခုဖြင့် ရယူလိုပါက 1-800-841-1410 ကိုဖုန်းခေါ်ပါ။ နားမကြားသူများနှင့် အကြားအာရုံချို့ယွင်းနေသည့် သုံးစွဲသူများအနေဖြင့် 711 (Washington Relay) သို့ဖုန်းခေါ်ပေးပါ သို့မဟုတ် WIC@doh.wa.gov သို့ သို့အီးမေးလ်ပို့ပေးပါ။

Washington State Department of HEALTH